“ဧကန်စင်စစ် ဖိသ်နဟ်စမ်းသပ်မှုများ

ပေါ်ပေါက်လိမ့်မည်။ သတိပြုကြလော့။ ထို့နောက်

ဖိသ်နဟ်စမ်းသပ်မှုတစ်ခု ဖြစ်ပေါ်လာလိမ့်မည်။ထိုဖိသ်နဟ်စမ်းသပ်မှုဖြစ်‌ပေါ်နေစဉ် အတောအတွင်း၌ထိုင်နေသူသည် လမ်းလျှောက်သွားလာသူထက်

ပိုမိုကောင်းမွန်သည်။ လမ်းလျှောက်သွားလာသူသည်ထိုဖိသ်နဟ်စမ်းသပ်မှုဆီသို့ အပြေးအ လွှားသွားသူထက်ပိုမိုကောင်းမွန်သည်

အွတ်စ်မာန်ရှတ်ဟားမ်ထံမှ ဆင့်ပြန်လာရှိသည်။ ၎င်းကပြောပြသည်မှာ - “ကျွန်ုပ်နှင့်ဖရ်ကဒ်ဆဗခီးတို့သည် မွတ်စ်လင်မ် ဗင်န် အဘူဗကရဟ် ထံသို့ သွား ရောက်ခဲ့ကြသည်။
ထိုအချိန်တွင် ၎င်းသည် သူ၏မြေနေရာ၌ ရှိနေသည်။ ကျွန်ုပ်တို့ သူ့ထံဝင်ရောက်ပြီး ‘သင့်ဖခင်ထံမှ ဖိသ်နဟ်စမ်းသပ်မှုများ နှင့် ပတ်သက်၍ ဟဒီးစ်တော်တစ်ခုခုကြားခဲ့ပါသလား’ ဟု မေးမြန်းခဲ့သည်။ ထိုအခါ မွတ်စ်လင်မ်က ‘ဟုတ်ကဲ့၊ ကျွန်ုပ်သည် (မိမိ၏ ဖခင်)အဘူ ဗကရဟ်(ရဿွိယလ္လာဟုအန်ဟု) က ဟဒီးစ်ဆင့်ပြန်ပြောကြားသည်ကို
ကြားခဲ့ရပါသည်။ ၎င်းက ပြောပြခဲ့သည်- အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
မိန့်ကြားတော်မူသည် - “ဧကန်စင်စစ် ဖိသ်နဟ်စမ်းသပ်မှုများ ပေါ်ပေါက်လိမ့်မည်။သတိပြုကြလော့။ ထို့နောက် ဖိသ်နဟ်စမ်းသပ်မှုတစ်ခု ဖြစ်ပေါ်လာလိမ့်မည်။ထိုဖိသ်နဟ်စမ်းသပ်မှုဖြစ်‌ပေါ်နေစဉ် အတောအတွင်း၌ ထိုင်နေသူသည်
လမ်းလျှောက်သွားလာသူထက် ပိုမိုကောင်းမွန်သည်။ လမ်းလျှောက်သွားလာသူသည်
ထိုဖိသ်နဟ်စမ်းသပ်မှုဆီသို့ အပြေးအ လွှားသွားသူထက် ပိုမိုကောင်းမွန်သည်။
သတိပြုကြလော့။ ထိုဖိသ်နဟ်စမ်းသပ်မှုကျရောက်လာသောအခါ မည်သူမဆို မိမိ၌
ကုလားအုပ်များရှိပါက မိမိ၏ ကုလားအုပ်များထံသို့ ခိုလှုံပါလေ။ မိမိ၌ သိုး၊
ဆိတ်များရှိပါက မိမိ၏ သိုးဆိတ်များထံသို့ ခိုလှုံပါလေ။ မိမိ၌ မြေယာရှိပါက မိမိ၏မြေယာ၌ ခိုလှုံနေပါလေ။”ထိုအခါ လူတစ်ဦးက ‘အို အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ကုလားအုပ်၊ သိုး၊ ဆိတ်၊ မြေယာ ဘာတစ်ခုမျှ မရှိသူအတွက် မည်သို့ ပြုရမည်နည်း’ ဟုလျှောက်ထား‌မေးမြန်းလေသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ကမိန့်တော်မူသည်- “သူသည် မိမိ၏ ဓားကိုယူ၍ ထက်သောအနားကို ကျောက်တုံးဖြင့်
ရိုက်ချိုးပြီးနောက် (တိုက်ခိုက်မှုမှ ရှောင်ရှားလျက်) လွတ်မြောက်ရန်
တတ်နိုင်သမျှ ကြိုးစားပါလေ။ (ထို့နောက် တမန်တော်မြတ်က) အို ‘အလ္လာဟ်အရှင်မြတ်၊ကျွန်တော်မျိုး (အမိန့်တော်ကို) ပို့ဆောင်ပေးခဲ့ပြီလော။ အို ‘အလ္လာဟ်အရှင်မြတ်၊ကျွန်တော်မျိုး (အမိန့်တော်ကို) ပို့ဆောင်ပေးခဲ့ပြီလော။ အို ‘အလ္လာဟ်အရှင်မြတ်၊ကျွန်တော်မျိုးသ(အမိန့်တော်ကို) ပို့ဆောင်ပေးခဲ့ပြီလော' ဟု (သုံးကြိမ်တိုင်တိုင်မိန့်ကြားတော်မူခဲ့သည်။) ဆင့်ပြန်သူ (မွတ်စ်လင်မ် ဗင်န် အဘူဗကရဟ်) ကဆက်လက်ပြောပြသည်- ထိုအခါ နောက်ထပ် လူတစ်ဦးက ‘အို အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်၊ ကျွန်တော်မျိုးအား အနိုင်အထက်ပြုခံရပြီး စစ်တပ်နှစ်တပ်အနက်မှ

[صحيح] [رواه مسلم]

မိမိသတ်လိုက်သူ၏အပြစ်ကို ပါ ထမ်းရွက်ရလိမ့်မည်။ ထို့ပြင် ငရဲသားများထဲမှဖြစ်လိမ့်မည်။”

http://www.sunnah.global/hadeeth/my/show/66383